| | ၂၂ | တိုင်းရင်းသားလူမျိုးများရေးရာ | | ၁,၁၃၆.၃၃၈ | -၁,၁၃၆.၃၃၈ | | ၁,၄၃၅.၀၈၅ | -၁,၄၃၅.၀၈၅ | | ၁၂၆.၂၉% |
| | | စုစုပေါင်း | ၁၃၂,၄၃၈.၆၁၆ | ၁,၆၆၃,၃၇၇.၅၂၈ | -၁,၅၃၀,၉၃၈.၉၁၂ | ၅၅,၇၅၃.၄၈၉ | ၁,၈၆၂,၆၃၁.၅၅၆ | -၁,၈၀၆,၈၇၈.၀၆၇ | ၄၂.၁၀% | ၁၁၁.၉၈% |

## ၂၀၁၇ -၂၀၁၈ ခု ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် (ဇန်နဝါရီလမှ မတ်လကုန်အထိ)

## ပြည်ထောင်စုဝန်ကြီးဌာနဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ကြေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ စတုတ္ထ(၃)လပတ် လျာထားချက် | | | ၂၀၁၇-၂၀၁၈ စတုတ္ထ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | စတုတ္ထ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | | ဝန်ကြီးဌာနဦးစီးဌာနများ | | | | | | | | |
| | ၁ | နိုင်ငံခြားရေး | | | | | | | | |
| | ၂ | သမ္မတရုံး | | | | | | | | |
| | ၃ | ပြည်ထဲရေး | ၇,၆၀၀.၂၈၅ | | +၇,၆၀၀.၂၈၅ | ၈၈၅.၈၃၄ | | +၈၈၅.၈၃၄ | ၁၁.၆၆% | |
| | ၄ | ကာကွယ်ရေး | | ၃,၇၃၂.၈၅၆ | -၃,၇၃၂.၈၅၆ | | ၁,၂၇၀.၆၅၆ | -၁,၂၇၀.၆၅၆ | | ၃၄.၀၄% |
| | ၅ | နယ်စပ်ရေးရာ | | | | | | | | |
| | ၆ | နိုင်ငံတော်အတိုင်ပင်ခံရုံး | | | | | | | | |
| | ၇ | ပြန်ကြားရေး | | | | | | | | |
| | ၈ | သာသနာရေးနှင့်ယဉ်ကျေးမှု | | | | | | | | |
| | ၉ | စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်း | ၁၆၆,၀၃၈.၈၂၁ | ၅၂,၆၄၄.၉၇၉ | +၁၁၃,၃၉၃.၈၄၂ | ၁၀၄,၄၉၇.၀၇၀ | ၄၅.၇၄၉.၃၆၂ | +၅၈,၇၄၇.၇၀၈ | ၆၂.၉၄% | ၈၆.၉၀% |
| | ၁၀ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၂,၄၃၉.၂၅၅ | ၂,၇၁၄.၈၀၆ | +၉,၇၂၄.၄၄၉ | ၅,၀၅၂.၉၄၃ | ၂,၅၃၂.၀၆၁ | +၂,၅၂၀.၈၈၂ | ၄၀.၆၂% | ၉၃.၂၇% |
| | ၁၁ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | | | | | | | | |
| | ၁၂ | လျှပ်စစ်နှင့်စွမ်းအင် | ၉၈,၉၅၅.၁၃၂ | ၁၇,၇၅၉.၆၇၀ | +၈၁,၁၉၅.၄၆၂ | ၂၃,၄၈၈.၂၁၆ | ၁၂,၅၇၇.၉၇၉ | +၁၀,၉၁၀.၂၅၇ | ၂၃.၇၄% | ၇၀.၆၀% |
| | ၁၃ | အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | | | | | | | | |
| | ၁၄ | စက်မှု | ၄၄၄.၃၇၅ | | +၄၄၄.၃၇၅ | ၅၃၃.၂၄၉ | | +၅၃၃.၂၄၉ | ၁၂၀.၀၀% | |
| | ၁၅ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | | | | -၀.၀၀၁ | | -၀.၀၀၁ | | |
| | ၁၆ | ပညာရေး | ၂၀,၅၈၁.၄၇၅ | | +၂၀,၅၈၁.၄၇၅ | ၁,၂၈၈.၂၈၂ | | +၁,၂၈၈.၂၈၂ | ၆.၂၆% | |
| | ၁၇ | ကျန်းမာရေးနှင့်အားကစား | ၉,၁၈၈.၀၂၃ | | +၉,၁၈၈.၀၂၃ | ၃၉၂.၈၂၈ | | +၃၉၂.၈၂၈ | ၄.၂၈% | |
| | ၁၈ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၁၁,၄၄၈.၅၃၈ | ၃၉.၄၂၅.၁၈၇ | -၂၇.၉၇၆.၆၄၉ | ၅၃,၀၅၈.၈၁၇ | ၃၃.၉၂၃.၂၆၈ | +၁၉,၁၃၅.၅၄၉ | ၄၆၃.၄၅% | ၈၆.၀၄% |
| | ၁၉ | ဆောက်လုပ်ရေး | ၁၅၇,၀၀၉.၅၀၇ | | +၁၅၇,၀၀၉.၅၀၇ | ၃၁,၄၄၆.၀၅၉ | | +၃၁,၄၄၆.၀၅၉ | ၂၀.၀၃% | |
| | ၂၀ | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | | | | | | | | |
| | ၂၁ | ဟိုတယ်နှင့်ခရီးသွားလာရေး | | | | | | | | |
| | ၂၂ | တိုင်းရင်းသားလူမျိုးများရေးရာ | | | | | | | | |
| | | စုစုပေါင်း | ၄၈၃,၇၀၅.၄၁၁ | ၁၁၆,၂၇၇.၄၉၈ | +၃၆၇,၄၂၇.၉၁၃ | ၂၂၀,၆၄၃.၃၀၇ | ၉၆,၀၁၃.၃၂၆ | +၁၂၄,၆၂၉.၉၈၁ | ၄၅.၆၂% | ၈၂.၅၇% |

# ပြည်ထောင်စုဝန်ကြီးဌာန ၊ ဦးစီးဌာနများ၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ သာမန်ရငွေပိုင်းတွင် စတုတ္ထ(၃)လပတ်လျာထားချက် ကျပ် ၃,၅၇၃,၇၇၂.၂၀၆ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃,၀၉၉,၂၄၈.၀၉၃ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၈၆.၇၂ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် စတုတ္ထ(၃)လပတ် လျာထားချက် ကျပ် ၂,၈၄၂,၇၉၅.၅၀၂ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂,၃၉၁,၉၁၇.၈၅၈ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၈၄.၁၄ ဖြစ်ပါသည်။ သာမန် ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတွင် အရောင်းထိုင်းကျမ်းစာအုပ်များ အရောင်းသွက်လာခြင်း၊ ပွင့်လင်းရာသီဖြစ်သည့်အတွက် ဗုံ နှင့် ပြတိုက်များသို့ လာရောက်လေ့လာသော နိုင်ငံခြားသား ဧည့်သည်များ များပြားခြင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် ရေယာဉ်အကောက်စခန်းများတွင် ဖြတ်သန်းခရငွေများ၊ ရေကြောင်းပြသခများ၊ တွံတေးတူးမြောင်းပိုင်မြေကွင်းအမှတ်(၁၉၂) ငှားရမ်းခရရှိခြင်း၊ Telecom International Myanmar Co.,Ltd(My Tel) မှ 1800 MHz Option အတွက် လိုင်းနှုန်းစဉ်သုံးစွဲခများနှင့် ဂြိုလ်တုချန်နယ်ငှားရမ်းခများပိုမိုရရှိခြင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် နယ်စပ်ဖြတ်သန်းခများ၊ နယ်စပ်ဖြတ်သန်းခွင့်စာအုပ် (BP/TBP)ရောင်းချရငွေများ၊ ပြည်ဝင်ဗီဇာခများနှင့် ဆိုင်ခန်းငှားရမ်းခရငွေများ၊လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးခြင်းနှင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်သည့် အလုပ်သမားများထံမှ မှတ်ပုံတင်ကြေး၊ ဒဏ်ငွေများနှင့် နိုင်ငံခြားသားမှတ်ပုံတင်ခများ ပိုမိုရရှိခြင်း၊ စက်မှုဝန်ကြီးဌာနတွင် လူမှုဖူလုံရေးအကျိုးခံစားခွင့်ရငွေ၊ ဓါတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းလုပ်ကိုင်သူများမှ ပေးသွင်းသည့် လိုင်စင်ခ၊ မှတ်ပုံတင်ခ၊ မြေနှင့်အဆောက်အဦ ငှားရမ်းခရငွေ၊ ဘွိုင်လာစစ်ဆေးခ၊ လျှပ်စစ် စစ်ဆေးခရငွေနှင့် ဝင်းသူဇာအရောင်းဆိုင် အဆောက်အဦ ငှားရမ်းခရငွေများ ပိုမိုရရှိခြင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် အိမ်တွင်းသက်မွေးပညာသင်ကျောင်း သင်တန်းကြေးများရရှိခြင်းနှင့် UNICEF နှင့် UNFPA အဖွဲ့အစည်းများမှ ထောက်ပံ့ငွေများပိုမိုရရှိခြင်းတို့ကြောင့် လျာထားချက်ထက်ပိုမိုရခြင်း။

(၂) **သာမန်ရငွေလျော့နည်းရရှိမှု။** ကာကွယ်ရေးဝန်ကြီးဌာနတွင် မြေနှင့်အဆောက်အဦငှားရမ်းခရငွေများလျော့နည်းခြင်း၊ ပညာရေးဝန်ကြီးဌာနတွင် ပညာရေးအရည်အသွေးတိုးတက်မှုစီမံချက် (MY-EQIP)(AusAid အကူအညီ) လုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်ခြင်းနှင့် Bill များ အဆင့်ဆင့် ပေးပို့ရသည့်အတွက် ရောက်ရှိလာသော Import Bill များအတွက်သာ ရရှိခြင်းကြောင့်ပြည်ပအကူအညီရငွေလျော့နည်းရရှိခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် ပုဂ္ဂလိကဆေးခန်း မှတ်ပုံတင်ခြင်းမှရငွေ၊ အခန်းငှားရမ်းခများ လျော့နည်းရရှိခြင်းနှင့် ပြည်ပအကူအညီရငွေများလျော့နည်းရရှိခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေများသည်ဘဏ်မှ ထည့်ဝင်ငွေများအား အမှန်စာရင်းရရှိသည့်အချိန်မှသာ စာရင်းတင်နိုင်မည်ဖြစ်ခြင်းတို့ကြောင့် လျော့နည်းရရှိခြင်း။

(၃) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** ကာကွယ်ရေးဝန်ကြီးဌာနတွင် ရုံးပတ်ဝန်းကျင်မီးတားလမ်းဖောက်လုပ်ရာတွင် ပြင်ပအလုပ်သမားများ ငှားရမ်းရခြင်း၊ ရုံးအဆောက်အဦ မျက်နှာကျက်ရှိ နံရံများအားဆေးသုတ်ခြင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနတွင် ပြောင်းရွှေ့ဝန်ထမ်းများ များပြားလာခြင်း၊ စုပုံရိက္ခာဝယ်ယူခြင်းနှင့် ဓါတ်ဆီ၊ စက်ဆီ ဈေးနှုန်းမြင့်တက်လာခြင်း၊ ပြင်ဆင်ထိန်းသိမ်းစရိတ်နှင့် ဧည့်ခံစရိတ်များ ပိုမိုသုံးစွဲရခြင်း၊ ပညာရေးဝန်ကြီးဌာနတွင် ကျောင်းပြင်ပ မူလတန်းပြ ဆရာ/ဆရာမများ ပိုမိုခန့်ထားခြင်း၊ ပညာရေးဝန်ထမ်းများအား စာရင်းအင်းနှင့်ပညာရပ်ဆိုင်ရာသင်တန်းများအား ဗဟိုအဆင့်မှ မြို့နယ်အဆင့်အထိ ဆောင်ရွက်ပေးခဲ့ခြင်း၊ နိုင်ငံခြားသားအတိုင်ပင်ခံစရိတ်များ ပိုမိုသုံးစွဲရခြင်း၊ စက်ပစ္စည်း၊ အဆောက်အဦနှင့်မော်တော်ယာဉ်ပြင်ဆင်မှု လုပ်ငန်းများဆောင်ရွက်ရခြင်း၊ အခြေခံစာတတ်မြောက်ရေး နည်းပြသင်တန်းများဖွင့်လှစ်ခဲ့ခြင်းနှင့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲများအတွက် ကျခံသုံးစွဲရခြင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် နိုင်ငံတစ်ဝှမ်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးမှ အရာထမ်း/အမှုထမ်းများ အလှည့်ကျတာဝန်ထမ်းဆောင်ရခြင်း၊ ဘေးဖြစ်ပွားရာဒေသများသို့ ကယ်ဆယ်ရေးပစ္စည်းများ ပိုမိုထောက်ပံ့ရခြင်း၊ လုပ်ငန်းသုံးပစ္စည်းများ ပိုမိုဝယ်ယူရခြင်း၊ အဆောက်အဦ၊ မော်တော်ယာဉ်နှင့် ဆိုင်ကယ်ပြင်ဆင်မှုများပြားခြင်းနှင့် အသက်(၉၀)နှစ်နှင့်အထက် အဘိုး အဘွားများအား ပိုမိုထောက်ပံ့ရခြင်းတို့ကြောင့် ပိုမိုသုံးစွဲရခြင်း။

(၄) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတွင် လက်ရှိခန့်ထားပြီး ဝန်ထမ်းများ၏ လစာသာပေးချေခြင်း၊ ခရီးစဉ်သွားရောက်သည့်အသုံးစရိတ်မှာ ခန့်မှန်းသည်ထက် လျော့နည်းခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် ပြည်တွင်း/ပြည်ပခရီးသွားလာမှုနည်းပါးခြင်း၊ ဆေးနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများ ဝယ်ယူနိုင်မှုမရှိခြင်း၊ ပြည်ပအကူအညီရငွေများနှင့် ပြည်ပချေးငွေများ အချိန်မီမရရှိခြင်းကြောင့် အသုံးစရိတ်သုံးစွဲနိုင်မှုမရှိခြင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတွင် ဝန်ထမ်းများ အပြည့်အဝခန့်ထားနိုင်မှုမရှိခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်ရုံးများ ဖွင့်လှစ်နိုင်မှုမရှိသေးခြင်း၊ တိုင်းရင်းသားလူမျိုးစုများထံ သွားရောက်၍ လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုမရှိသေးခြင်း၊ ပညာပေးသင်တန်းများ၊ ဌာနတွင်းစွမ်းဆောင် ရည်မြှင့်သင်တန်းများ ဖွင့်လှစ်နိုင်မှုမရှိခြင်းတို့ကြောင့် လျော့နည်းရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် စတုတ္ထ (၃)လပတ်လျာထားချက် ကျပ် ၁၃၂,၄၃၈.၆၁၆ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၅၅,၇၅၃.၄၈၉ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၄၂.၁၀ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် စတုတ္ထ (၃)လပတ် လျာထားချက် ကျပ် ၁,၆၆၃,၃၇၇.၅၂၈ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁,၈၆၂,၆၃၁.၅၅၆ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၁၁.၉၈ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာအောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** ပြည်ထဲရေးဝန်ကြီးဌာနတွင် အဆောက်အဦပြောင်းရောင်းချရငွေနှင့် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့မှ ထောက်ပံ့သည့် အကူအညီရငွေများ အပြည့်အဝရရှိခြင်း၊ ပြန်ကြားရေးဝန်ကြီးဌာနတွင် JICAမှထောက်ပံ့သည့် ပစ္စည်းတန်ဖိုးအတွက် အကူအညီရငွေအား စတုတ္ထ(၃)လပတ်အတွင်းမှ အရစာရင်းတင်ခြင်းကြောင့် လျာထားချက်ထက်ပိုမိုရခြင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေဖြင့် ဆောင်ရွက်မည့် ရေဒါစီမံကိန်းအတွက် တတိယ(၃) လပတ်တွင် ရရှိမည့်ငွေများမှာ စတုတ္ထ(၃)လပတ်တွင် စုပေါင်းရရှိခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် ဂျပန်အကူအညီဖြင့်ဆောင်ရွက်မည့် ကချင်နှင့် ချင်းပြည်နယ်လမ်း အဆင့်မြှင့်တင်ခြင်းအတွက် စက်၊ ယာဉ်၊ ယန္တရားများအား စတုတ္ထ(၃)လပတ်တွင် ဝယ်ယူနိုင်ခြင်းနှင့် သာကေတ တံတား

စီမံကိန်းအတွက် Construction Fee နှင့် Consultant Fee ပေးချေရသဖြင့် ယင်းအသုံးစရိတ်များအတွက် ပြည်ပအကူအညီရငွေ ပိုမိုရရှိခြင်းတို့ကြောင့် လျာထားချက် ထက် ပိုမိုရခြင်း။

(၂) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတွင် ပဒုမ္မာဇာတ်ရုံမြေနှင့် အဆောက်အအုံ ရောင်းချခြင်းအတွက် ရငွေလျော့နည်းရရှိခြင်း၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတွင် ဌာနပိုင် ထွန်စက်ကြီးအဟောင်းများ ရောင်းချရာတွင် တောင်သူများဝယ်ယူမှုနည်းပါးခြင်း၊ ပညာရေးဝန်ကြီးဌာနတွင် JICA မှ လှူဒါန်းသည့် အဆောက်အအုံ(၂)လုံး၏ ပြီးစီးမှု ရာခိုင်နှုန်းလျော့နည်း၍ Claim Bill ဖြင့် အချိန်မီတောင်းခံနိုင်မှုမရှိခြင်းနှင့် သဘာဝဘေးမှ ကာကွယ်နိုင်မှုစနစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း အတွက်(JST/ JICA)မှ လှူဒါန်းမည့် စက်ပစ္စည်းများမရောက်ရှိခြင်းနှင့် မဝယ်ယူဖြစ်ခြင်းတို့ကြောင့် ယင်းအသုံးစရိတ်အတွက် ပြည်ပအကူအညီရငွေ လျော့နည်းရရှိခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေများ အချိန်မီမရရှိခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် PFM Learning Center နှင့် Training Center အတွက် လိုအပ်သော စက်ပစ္စည်းနှင့် ပရိဘောဂများ ဝယ်ယူနိုင်မှုမရှိခြင်းနှင့် PFM Project အတွက် အသုံးစရိတ်များမှာ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများ၏ အစီအမံဖြင့် သုံးစွဲရခြင်းတို့ကြောင့် ယင်းအသုံးစရိတ်အတွက် ပြည်ပအကူအညီရငွေ လျော့နည်းရရှိခြင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေမှ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လျာထားသည့် မော်လမြိုင်ဈေး ဆောက်လုပ်ခြင်းနှင့် ထုတ်ကုန်ဌာန တည်ဆောက်ရေး စီမံကိန်းအတွက် မြေနေရာမှာ မွန်ပြည်နယ်အစိုးရအဖွဲ့မှ လွှဲပြောင်းဆောင်ရွက်ဆဲဖြစ်ခြင်းတို့ကြောင့် ပြည်ပအကူအညီရငွေများ လျော့နည်းခြင်းတို့ကြောင့် လျာထားချက်ထက် လျော့နည်းရခြင်းခြင်း။

(၃) **ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု။** ပြည်ထဲရေးဝန်ကြီးဌာနတွင် လုပ်ငန်းများ အပြီးသတ်ဆောင်ရွက်နိုင်ခြင်း၊ ကာကွယ်ရေးဝန်ကြီးဌာနတွင် တတိယ(၃)လပတ်တွင် သုံးစွဲရန်လျာထားသော ဆောက်လုပ်ရေးလုပ်ငန်းများနှင့် စက်ပစ္စည်းဝယ်ယူခြင်းအချို့အား စတုတ္ထ(၃)လပတ်တွင်မှ ဆောင်ရွက်နိုင်ခဲ့

ခြင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများနှင့် စက်ပစ္စည်းဝယ်ယူရေးလုပ်ငန်းများအား အပြီးသတ်ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ပြန်ကြားရေးဝန်ကြီးဌာနတွင် နိုင်ငံခြားငွေဖြင့် ဝယ်ယူခဲ့သည့် စက်ပစ္စည်းများမှာ စတုတ္ထ(၃)လပတ်အတွင်းရောက်ရှိခဲ့ပြီး ငွေပေးချေခဲ့ရခြင်း ၊ ရုံးသုံးစက်ကိရိယာ၊ ပရိဘောဂများအား စတုတ္ထ(၃)လပတ်အတွင်းမှသာ ဝယ်ယူခဲ့ရခြင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင်ပစ္စည်းဝယ်ယူခြင်းအတွက် စတုတ္ထ(၃)လပတ်အတွင်းမှသာ ပေးချေခဲ့ရခြင်း၊စက်မှုဝန်ကြီးဌာနတွင် ADB ချေးငွေဖြင့် ဆောင်ရွက်သည့် ဆောက်လုပ်ရေးလုပ်ငန်းများ၏ အသုံးစရိတ်များကို မတ်လအတွင်းမှ ပေးချေရခြင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ရုံးသုံးစက်ကိရိယာ၊ ရုံးသုံးပရိဘောဂ ဝယ်ယူခြင်းအား စတုတ္ထ(၃)လပတ်အတွင်း ပိုမိုဆောင်ရွက်ခဲ့ရခြင်းတို့ကြောင့် လျာထားချက်ထက် ပိုမိုရခြင်း။

(၄) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် ချေးငွေဖြင့် ဆောင်ရွက်သော လုပ်ငန်းများတွင် ချေးငွေစာချုပ် ပြင်ဆင်ချုပ်ဆိုမည်ဖြစ်ပါ၍ လုပ်ငန်းများ မဆောင်ရွက်နိုင်သေးခြင်း၊ အတိုင်ပင်ခံအဖွဲ့မှ ဒီဇိုင်းများ ရေးဆွဲနေဆဲဖြစ်ခြင်းကြောင့် လုပ်ငန်းများဆောင်ရွက်နိုင်မှုမရှိခြင်း၊ JICA၏ အထောက်အပံ့ဖြင့် ဆောင်ရွက်မည့်စီမံကိန်းအတွက် အဆောက်အဦမြေနေရာ ရှင်းလင်းခြင်းလုပ်ငန်းအား ဆောင်ရွက်နိုင်မှုမရှိသေးခြင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ရန်ပုံငွေလွှဲပို့မှုမရောက်ရှိသဖြင့် လုပ်ငန်းများ ဆောင်ရွက်နိုင်မှုမရှိခြင်း၊ စိုက်ခင်းများပန္နက် ပြောင်းလဲဆောင်ရွက်မှုလျော့နည်းခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် နိုင်ငံခြားငွေ၊ ပြည်တွင်းကျပ်ငွေများဖြင့် စာချုပ်ချုပ်ဆိုဝယ်ယူထားသော ဓါတ်အားခွဲရုံများနှင့် ဓါတ်အားလိုင်းပစ္စည်းများကို ကုမ္ပဏီများမှ ပစ္စည်းများပေးသွင်းနိုင်မှုမရှိခြင်း၊ ပညာရေးဝန်ကြီးဌာနတွင် ရုံးသုံးစက်ကိရိယာနှင့် မော်တော်ယာဉ်အချို့ ဝယ်ယူနိုင်မှုမရှိခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများအတွက် ငွေပေးချေနိုင်မှုမရှိခြင်း၊ ပြည်ပအကူအညီရငွေများ အချိန်မီမရရှိခြင်းကြောင့် ယင်းနှင့်ဆက်စပ်သည့် အသုံးစရိတ်များ သုံးစွဲနိုင်မှုမရှိခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် PFM Project အသုံးစရိတ်ဖြင့်

လျာထားသည့် Meeting Room Conference System, Transfomer and Accessories တို့အားဝယ်ယူနိုင်မှုမရှိခြင်း၊ ကွန်ပျူတာသင်တန်းအချို့ ဖွင့်လှစ်နိုင်မှုမရှိခြင်းနှင့် မော်တော်ယာဉ်အကြီးစားပြင်ဆင်ခြင်းအား စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်ဖြင့်သာ ပြင်ဆင်ခြင်းကြောင့် လျော့နည်းရခြင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် ADB ပြည်ပအကူအညီရငွေ ဖြင့်ဆောင်ရွက်မည့် မော်လမြိုင်ဈေး ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် ထုတ်ကုန်ဌာန တည်ဆောက်ရေးစီမံကိန်းအတွက် မြေနေရာမှာ မွန်ပြည်နယ် အစိုးရအဖွဲ့မှ လွှဲပြောင်းရရှိရေး ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ခြင်း တို့ကြောင့် လျော့နည်းခြင်း။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ကြွေးမြီရငွေပိုင်းတွင် စတုတ္ထ(၃)လပတ်လျာထားချက် ကျပ် ၄၈၃,၇၁၅.၄၁၁ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၂၀,၆၄၃.၃၁၇ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၄၅.၆၂ ဖြစ်ပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် စတုတ္ထ(၃)လပတ်လျာထားချက် ကျပ် ၁၁၆,၂၇၇.၄၉၈ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၉၆,၀၁၃.၃၂၆ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၈၂.၅၇ ဖြစ်ပါသည်။ ကြွေးမြီ ရငွေ၊ သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ကြွေးမြီရငွေပိုမိုရရှိမှု။** စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် JICA မှ ချေးယူရငွေများအားMADB မှ တစ်ဆင့် လယ်သမားများသို့ ထုတ်ချေးခြင်းအတွက် ရငွေများ၊ (IRM) Immediate Response Mechanism နှင့် (DPO) Development Policy Operation တို့အတွက် ကမ္ဘာ့ဘဏ်မှ ချေးယူရငွေများ စတုတ္ထ(၃)လပတ်အတွင်း ရရှိခြင်းကြောင့် ပိုမိုရရှိခြင်း။

(၂) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** ပြည်ထဲရေးဝန်ကြီးဌာနတွင် ပိုလန်နိုင်ငံအစိုးရမှ ချေးငွေဖြင့်ဝယ်ယူမည့် ခေတ်မီမီးငြိမ်းသတ်ယာဉ်နှင့် စက်ပစ္စည်းများမရောက်ရှိသဖြင့် ချေးယူရငွေလျော့နည်းခြင်း၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတွင် အိန္ဒိယချေးငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများမှာ Detail Engineering Report ရေးဆွဲပြီးဖြစ်သော်လည်း EXIM Bank of India မှ စိစစ်နေဆဲဖြစ်ခြင်း၊ ကမ္ဘာ့ဘဏ်ချေးငွေ၊ ADB နှင့် AFD ချေးငွေတို့ဖြင့်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများ စတင်ဆောင်ရွက်နေဆဲဖြစ်ပြီး ချေးငွေထုတ်ယူသုံးစွဲနိုင်မှုမရှိခြင်းကြောင့် ချေးယူရငွေ လျော့နည်းခြင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် ကမ္ဘာ့ဘဏ်

ချေးငွေဖြင့် ဆောင်ရွက်မည့် AIRBM Project တွင် Micro Project လုပ်ငန်းများလုပ်ဆောင်ခြင်းနှင့် PMUသုံးထပ်ဆောင် HIC Building ဆောက်လုပ်ခြင်းတွင် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှု လျော့နည်းခြင်း၊ SOBA 2 to 6 Packages များ NIRAS IS (System Indicator )နှင့် Design of Navigation Aids Upgrade Program များအတွက် ငွေပေးချေရန်ကျန်ရှိခြင်း၊ Telecom Sector Reform Project အတွက် လုပ်ငန်းသဘာဝအရသတ်မှတ်ချက်နှင့် ပြည့်စုံမှုသာပေးချေရခြင်းကြောင့် ချေးယူရငွေလျော့နည်းခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ချေးငွေဖြင့် ဝယ်ယူတင်သွင်းမည့် ပြည်ပမှ စက်ပစ္စည်းများ လျာထားချက်အတိုင်း တင်သွင်းနိုင်မှု မရှိခြင်း၊ BOT စနစ်ဖြင့် ဆောင်ရွက်သည့် သောက်ရေခပ်(၂)ရေအားလျှပ်စစ်စီမံကိန်းအတွက် ချုပ်ဆိုထားသော ချေးငွေစာချုပ်အရ ချေးငွေအပေါ်အရင်းကို ရွှေစွမ်းအင်ကုမ္ပဏီမှ အပြည့်အဝ ပေးသွင်းမှုမရှိခြင်း၊ ပညာရေးဝန်ကြီးဌာနတွင် EYE Project အတွက် အခြေခံပညာအလယ်တန်းအဆင့် သင်ရိုးညွှန်းတမ်းဆိုင်ရာ ဆွေးနွေးပွဲများအတွက် ADB မှ နည်းပညာအထောက်အပံ့ဖြင့်သာ ဆောင်ရွက်နေရခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် ကမ္ဘာ့ဘဏ်ချေးငွေ အချိန်မီမရရှိခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် ချေးယူရငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းအချို့ဆောင်ရွက်နိုင်မှုမရှိခြင်းနှင့် အရည်အသွေးစစ်ဆေးရာတွင် အချို့အပိုင်းများမှာ စံချိန်စံညွှန်းမပြည့်မီသဖြင့် ငွေပေးချေမှု မပြုရသေးခြင်းတို့ကြောင့် လျော့နည်းရခြင်း။

(၃) **ကြွေးမြီသုံးငွေလျော့နည်းသုံးစွဲမှု။** ကာကွယ်ရေးဝန်ကြီးဌာနတွင် စက်မှုဝန်ကြီးဌာနမှ စက်ရုံ(၄)ရုံ၊ အိန္ဒိယချေးငွေ၊ ဂျပန်ချေးငွေနှင့် တရုတ်ချေးငွေပေးချေရာတွင် ငွေလဲလှယ်နှုန်းလျော့နည်းခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် တရုတ်ချေးငွေနှင့် Kfw ဂျာမနီချေးငွေများ၊ သောက်ရေခပ်(၂)၊ ဘီလူးချောင်း(၃)၊ အထက်ကျိုင်းတောင်း၊ သူငွေးရေအားလျှပ်စစ်စီမံကိန်းများအတွက် အရင်းပေးဆပ်ရာတွင် Exchange Rate လျော့နည်းခြင်းကြောင့် လျာထားချက်ထက် လျော့နည်းသုံးစွဲရခြင်း။

၂။ ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ (၃)လပတ် လျာထားချက် ရငွေ၊ သုံးငွေများအပေါ် စတုတ္ထ (၃)လပတ် အကောင်အထည်ဖော်ဆောင်ရွက်မှု နှင့် ပတ်သက်၍ အောက်ပါအတိုင်း ခြုံငုံသုံးသပ်တင်ပြအပ်ပါသည်-

(က) ရငွေပိုင်းတွင်သာမန်ရငွေရရှိမှု ၈၆.၇၂ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေရရှိမှု ၄၂.၁၀ ရာခိုင်နှုန်း၊ကြွေးမြီရငွေရရှိမှု ၄၅.၆၂ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်း ရငွေရရှိမှုမှာ ၈၀.၅၇ ရာခိုင်နှုန်း ဖြစ်ပါသည်။ သာမန်ရငွေပိုင်းတွင် လျာထားချက်နှင့် အနီးစပ်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော်လည်း ငွေလုံးငွေရင်းရငွေနှင့် ကြွေးမြီရငွေပိုင်းတွင် အကောင်အထည် ဖော်ဆောင်နိုင်မှုမရှိကြောင်း တွေ့ရှိရပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၈၄.၁၄ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၁၁၁.၉၈ ရာခိုင်နှုန်း၊ ကြွေးမြီအသုံးစရိတ် ၈၂.၅၇ ရာခိုင်နှုန်း ဖြစ်သဖြင့် စုစုပေါင်း အသုံးစရိတ် ၉၄.၈၂ ရာခိုင်နှုန်း ဖြစ်ပါသည်။ သာမန်အသုံးစရိတ်နှင့် ကြွေးမြီအသုံး စရိတ်ပိုင်းတွင် လျာထားချက်နှင့် အနီးစပ်ဆုံး သုံးစွဲနိုင်ခဲ့ပြီး ငွေလုံးငွေရင်းအသုံး စရိတ်တွင် လျာထားချက်ထက် အနည်းငယ်ပိုမိုသုံးစွဲထားကြောင်း တွေ့ရှိရပါသည်။

၂၀၁၇ -၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် (ဇန်နဝါရီလမှ မတ်လကုန်အထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ စတုတ္ထ(၃)လပတ် လျာထားချက် | | | ၂၀၁၇-၂၀၁၈ စတုတ္ထ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | စတုတ္ထ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | ၂၁,၆၉၂.၅၆၆ | ၉,၇၄၄.၄၀၂ | +၁၁,၉၄၈.၁၆၄ | ၂၄,၂၆၃.၆၅၃ | ၅,၅၁၃.၇၄၁ | +၁၈,၇၄၉.၉၁၂ | ၁၁၁.၈၅% | ၅၆.၅၈% |
| | | စုစုပေါင်း | ၂၁,၆၉၂.၅၆၆ | ၉,၇၄၄.၄၀၂ | +၁၁,၉၄၈.၁၆၄ | ၂၄,၂၆၃.၆၅၃ | ၅,၅၁၃.၇၄၁ | +၁၈,၇၄၉.၉၁၂ | ၁၁၁.၈၅% | ၅၆.၅၈% |

## ၂၀၁၇ -၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် (ဇန်နဝါရီလမှ မတ်လကုန်အထိ)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ စတုတ္ထ(၃)လပတ် လျာထားချက် | | | ၂၀၁၇-၂၀၁၈ စတုတ္ထ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | စတုတ္ထ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | ၂၁,၆၉၂.၁၉၇ | ၇,၇၄၂.၀၀၇ | +၁၃,၉၅၀.၁၉၀ | ၂၄,၂၆၃.၆၅၃ | ၄,၁၅၆.၀၆၉ | +၂၀,၁၀၇.၅၈၄ | ၁၁၁.၈၅% | ၅၃.၆၈% |
| | | စုစုပေါင်း | ၂၁,၆၉၂.၁၉၇ | ၇,၇၄၂.၀၀၇ | +၁၃,၉၅၀.၁၉၀ | ၂၄,၂၆၃.၆၅၃ | ၄,၁၅၆.၀၆၉ | +၂၀,၁၀၇.၅၈၄ | ၁၁၁.၈၅% | ၅၃.၆၈% |

## ၂၀၁၇ -၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် (ဇန်နဝါရီလမှ မတ်လကုန်အထိ)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ စတုတ္ထ(၃)လပတ် လျာထားချက် | | | ၂၀၁၇-၂၀၁၈ စတုတ္ထ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | စတုတ္ထ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | ၀.၃၆၉ | ၂,၀၀၂.၃၉၅ | -၂,၀၀၂.၀၂၆ | | ၁,၃၅၇.၆၇၂ | -၁,၃၅၇.၆၇၂ | | ၆၇.၈၀% |
| | | စုစုပေါင်း | ၀.၃၆၉ | ၂,၀၀၂.၃၉၅ | -၂,၀၀၂.၀၂၆ | | ၁,၃၅၇.၆၇၂ | -၁,၃၅၇.၆၇၂ | | ၆၇.၈၀% |

# ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သောဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ သာမန်ရငွေပိုင်းတွင် စတုတ္ထ(၃)လပတ် လျာထားချက် ကျပ် ၂၁,၆၉၂.၁၉၇ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၄,၂၆၃.၆၅၃ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၁၁.၈၅ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် စတုတ္ထ(၃)လပတ်လျာထားချက် ကျပ် ၇,၇၄၂.၀၀၇ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၄,၁၅၆.၀၆၉ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၅၃.၆၈ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေ အနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** အကျိုးဝင်မှတ်ပုံတင်သည့် အာမခံအလုပ်သမား ဦးရေတိုးတက်လာခြင်းနှင့် မှတ်ပုံတင်ပြီး အာမခံအလုပ်သမားများမှ အမှန်ဝင်ငွေဖြင့် ထည့်ဝင်ပေးသွင်းခြင်းတို့ကြောင့် လျာထားချက်ထက် ပိုမိုရရှိခြင်း။

(၂) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** ဝန်ထမ်းများအား လုပ်ငန်းကျွမ်းကျင်မှုသင်တန်းများ၊ ကွန်ပျူတာအခြေခံသင်တန်းများ လျာထားသည့်အတိုင်း ဖွင့်လှစ်နိုင်မှုမရှိခြင်း၊ ဆေးရုံကြီးများ၊ ရုံးခွဲများနှင့် ဆေးပေးခန်းများတွင် ပရိဘောဂပစ္စည်းများ၊ အခြားရုံးသုံးစက်ကိရိယာများနှင့် ရုံးသုံးယာဉ်များအား လျော့နည်းပြင်ဆင်ခြင်း၊ အာမခံအလုပ်သမားများအတွက် အကျိုးခံစားခွင့်အသုံးစရိတ်များသည် မမျှော်မှန်းနိုင်သည့်အသုံးစရိတ်များဖြစ်ခြင်းကြောင့် လျာထားချက်ထက် လျော့နည်းရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သောဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် စတုတ္ထ(၃)လပတ် လျာထားချက် ကျပ် ၀.၃၆၉ သန်း ဖြစ်သော်လည်း အကောင်အထည်ဖော်နိုင်မှုမရှိပါ။ ယင်းသို့ဖြစ်ရခြင်းမှာ ပစ္စည်းဟောင်းများရောင်းချခြင်းမှ ရငွေများမရရှိခြင်းကြောင့် ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် စတုတ္ထ(၃)လပတ်လျာထားချက် ကျပ် ၂,၀၀၂.၃၉၅ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁,၃၅၇.၆၇၂ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၆၇.၈၀ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(ဎ) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** တည်ဆောက်ရေးလုပ်ငန်းအချို့ အချိန်မီဆောင်ရွက်နိုင်မှုမရှိခြင်းနှင့် ဆေးပစ္စည်းကိရိယာများ၊ ပရိဘောဂ ပစ္စည်းနှင့်အခြားရုံးသုံးပစ္စည်းအချို့ မဝယ်ယူဖြစ်ခြင်းကြောင့် လျော့နည်း ရခြင်း။

## ၂၀၁၇ -၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် (ဇန်နဝါရီလမှ မတ်လကုန်အထိ)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ စတုတ္ထ(၃)လပတ် လျာထားချက် | | | ၂၀၁၇-၂၀၁၈ စတုတ္ထ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | စတုတ္ထ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | **နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ** | | | | | | | | |
| | ၁ | ပြန်ကြားရေး | ၅,၂၂၅.၆၅၀ | ၆,၄၃၀.၂၅၁ | -၁,၂၀၄.၆၀၁ | ၅,၀၇၉.၉၁၅ | ၆,၀၄၃.၉၅၆ | -၉၆၄.၀၄၁ | ၉၇.၂၁% | ၉၃.၉၉% |
| | ၂ | စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်း | -၃၆,၉၀၇.၉၈၁ | -၂၂,၉၃၀.၇၀၃ | -၁၃,၉၇၇.၂၇၈ | | | | | |
| | ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၂၆၆,၃၆၈.၈၁၅ | ၃၂၃,၄၃၄.၅၇၆ | -၅၇,၀၆၅.၇၆၀ | ၁၆၁,၉၃၄.၂၂၀ | ၂၅၉,၅၉၄.၃၆၃ | -၉၇,၆၆၀.၁၄၃ | ၆၀.၇၉% | ၈၀.၂၆% |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၂၀၈,၈၇၈.၂၆၅ | ၁၂၃,၈၃၀.၉၉၈ | +၈၅,၀၄၇.၂၆၇ | ၁၆၅,၄၅၁.၆၆၆ | ၁၀၀,၀၇၇.၀၂၉ | +၆၅,၃၇၄.၆၃၇ | ၇၉.၂၁% | ၈၀.၈၂% |
| | ၅ | လျှပ်စစ်နှင့်စွမ်းအင် | ၁,၂၉၅,၃၈၂.၁၀၁ | ၁,၈၆၄,၁၈၈.၃၃၈ | -၅၆၈,၈၀၆.၂၃၇ | ၁,၅၂၄,၃၅၆.၃၅၂ | ၁,၆၃၅,၀၇၂.၁၇၁ | -၁၁၀,၇၁၅.၈၁၉ | ၁၁၇.၆၈% | ၈၇.၇၁% |
| | ၆ | စက်မှု | ၄၅,၇၅၈.၂၁၄ | ၂၂၈,၁၄၉.၉၇၁ | -၁၈၂,၃၉၁.၇၅၇ | ၆၃,၃၁၂.၄၄၂ | ၂၀၂,၀၄၆.၈၂၅ | -၁၃၈,၇၃၄.၃၈၃ | ၁၃၈.၃၆% | ၈၈.၅၆% |
| | ၇ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၃၃၃,၆၀၀.၇၂၉ | ၄၃၈,၅၉၉.၁၁၆ | -၁၀၄,၉၉၈.၃၈၇ | ၂၇၅,၆၀၄.၅၃၁ | ၃၅၇,၈၆၂.၂၀၂ | -၈၂,၂၅၇.၆၇၁ | ၈၂.၆၂% | ၈၁.၅၉% |
| | | စုစုပေါင်း | ၂,၁၁၈,၃၀၅.၇၉၃ | ၂,၉၆၁,၇၀၂.၅၃၇ | -၈၄၃,၃၉၆.၇၄၄ | ၂,၁၉၅,၇၃၉.၁၂၆ | ၂,၅၆၀,၆၉၆.၅၇၆ | -၃၆၄,၉၅၇.၄၂၀ | ၁၀၃.၆၆% | ၈၆.၄၆% |

## ၂၀၁၇ -၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် (ဇန်နဝါရီလမှ မတ်လကုန်အထိ)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ စတုတ္ထ(၃)လပတ် လျာထားချက် | | | ၂၀၁၇-၂၀၁၈ စတုတ္ထ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | စတုတ္ထ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | **နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ** | | | | | | | | |
| | ၁ | ပြန်ကြားရေး | ၅,၂၂၅.၆၅၀ | ၄,၆၈၁.၃၈၆ | +၅၄၄.၂၆၄ | ၅,၀၇၉.၉၁၅ | ၄,၂၂၅.၄၆၉ | +၈၅၄.၄၄၆ | ၉၇.၂၁% | ၉၀.၂၆% |
| | ၂ | စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်း | -၃၀,၀၉၇.၉၈၁ | -၁၆,၁၉၅.၈၀၂ | -၁၃,၉၀၂.၁၇၉ | | | | | |
| | ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၉၈,၈၆၁.၄၀၀ | ၈၀,၉၆၆.၄၃၅ | +၁၇,၈၉၄.၉၆၅ | ၅၂,၇၇၀.၀၉၅ | ၇၈,၈၇၈.၅၂၀ | -၂၆,၁၀၈.၄၂၅ | ၅၃.၃၈% | ၉၇.၄၂% |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၂၀၈,၈၆၈.၉၀၃ | ၁၂၃,၇၃၉.၂၁၉ | +၈၅,၁၂၉.၆၈၄ | ၁၆၅,၄၃၈.၀၀၄ | ၉၉,၉၈၉.၄၈၆ | +၆၅,၄၄၈.၅၁၈ | ၇၉.၂၁% | ၈၀.၈၁% |
| | ၅ | လျှပ်စစ်နှင့်စွမ်းအင် | ၁,၁၆၀,၃၀၄.၈၃၃ | ၁,၅၇၈,၆၉၇.၉၁၄ | -၄၁၈,၃၉၃.၀၈၁ | ၁,၄၈၄,၈၃၅.၂၉၂ | ၁,၄၃၀,၇၆၀.၇၇၈ | +၅၄,၀၇၄.၅၁၄ | ၁၂၇.၉၇% | ၉၀.၆၃% |
| | ၆ | စက်မှု | ၄၅,၇၅၄.၂၁၄ | ၆၉,၃၅၉.၈၆၅ | -၂၃,၆၀၅.၆၅၁ | ၆၂,၅၁၃.၄၉၅ | ၆၀,၁၁၇.၉၃၅ | +၂,၃၉၅.၅၆၀ | ၁၃၆.၆၃% | ၈၆.၆၈% |
| | ၇ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၂၆၃,၆၂၈.၂၅၉ | ၃၈၇,၁၅၄.၇၄၄ | -၁၂၃,၅၂၆.၄၈၅ | ၂၅၇,၉၂၆.၅၀၄ | ၃၃၉,၈၃၅.၉၂၀ | -၈၁,၉၀၉.၄၁၇ | ၉၇.၈၄% | ၈၇.၇၈% |
| | | စုစုပေါင်း | ၁,၇၅၂,၂၄၅.၂၇၈ | ၂,၂၂၈,၄၀၃.၇၆၀ | -၄၇၆,၈၅၈.၄၈၃ | ၂,၀၂၈,၅၆၃.၃၀၅ | ၂,၀၁၃,၈၀၈.၁၀၉ | +၁၄,၇၅၅.၁၉၆ | ၁၁၅.၇၇% | ၉၀.၃၇% |

၂၀၁၇ -၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် (ဇန်နဝါရီလမှ မတ်လကုန်အထိ)

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ စတုတ္ထ(၃)လပတ် လျာထားချက် | | | ၂၀၁၇-၂၀၁၈ စတုတ္ထ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | စတုတ္ထ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | | ၁,၇၄၈.၈၆၅ | -၁,၇၄၈.၈၆၅ | | ၁,၈၁၈.၄၈၇ | -၁,၈၁၈.၄၈၇ | | ၁၀၃.၉၈% |
| | ၂ | စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်း | | -၉၄.၉၀၁ | +၉၄.၉၀၁ | | | | | |
| | ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၁,၅၈၄.၇၉၈ | ၂၃၀,၁၄၃.၄၉၈ | -၂၁၈,၅၅၈.၇၀၀ | ၁၂,၇၆၀.၀၅၈ | ၁၆၇,၆၂၉.၉၇၂ | -၁၅၄,၈၆၉.၉၁၄ | ၁၁၀.၁၄% | ၇၂.၈၄% |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၉.၃၆၂ | ၉၁.၇၇၉ | -၈၂.၄၁၇ | ၁၃.၆၆၂ | ၈၇.၅၄၃ | -၇၃.၈၈၁ | ၁၄၅.၉၃% | ၉၅.၃၈% |
| | ၅ | လျှပ်စစ်နှင့်စွမ်းအင် | | ၁၈၆,၆၇၈.၅၂၇ | -၁၈၆,၆၇၈.၅၂၇ | | ၁၀၄,၀၃၇.၄၉၈ | -၁၀၄,၀၃၇.၄၉၈ | | ၅၅.၇၃% |
| | ၆ | စက်မှု | ၄.၀၀၀ | ၆၃,၀၂၄.၀၄၉ | -၆၃,၀၂၀.၀၄၉ | ၇၉၈.၉၄၃ | ၅၆,၂၉၃.၁၁၆ | -၅၅,၄၉၄.၁၆၉ | ၁၉၉၇၃.၆၈% | ၈၉.၃၂% |
| | ၇ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၁,၇၇၀.၄၈၇ | ၁၀,၁၄၉.၆၉၂ | -၈,၃၇၉.၂၀၅ | ၅၈၇.၈၇၂ | ၅,၄၉၂.၅၇၁ | -၄,၉၀၄.၆၉၉ | ၃၃.၂၀% | ၅၄.၁၂% |
| | | စုစုပေါင်း | ၁၃,၃၆၈.၆၄၇ | ၄၉၁,၇၄၁.၅၀၉ | -၄၇၈,၃၇၂.၈၆၂ | ၁၄,၁၆၀.၅၇၉ | ၃၃၅,၃၅၉.၁၈၇ | -၃၂၁,၁၉၈.၆၀၈ | ၁၀၅.၉၂% | ၆၈.၂၀% |

## ၂၀၁၇ -၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် (ဇန်နဝါရီလမှ မတ်လကုန်အထိ)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ စတုတ္ထ(၃)လပတ် လျာထားချက် | | | ၂၀၁၇-၂၀၁၈ စတုတ္ထ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | စတုတ္ထ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | | **နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ** | | | | | | | | |
| | ၁ | မြန်ကြားရေး | | | | | | | | |
| | ၂ | စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်း | -၆,၈၁၀.၀၀၀ | -၆,၆၄၀.၀၀၀ | -၁၇၀.၀၀၀ | | | | | |
| | ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၅၅,၉၂၂.၆၀၇ | ၁၂,၃၂၄.၆၇၃ | +၁၄၃,၅၉၇.၉၃၄ | ၉၆,၄၀၄.၀၆၇ | ၁၃,၀၈၅.၈၇၁ | +၈၃,၃၁၈.၁၉၆ | ၆၁.၈၃% | ၁၀၆.၁၈% |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | | | | | | | | |
| | ၅ | လျှပ်စစ်နှင့်စွမ်းအင် | ၁၃၅,၀၇၇.၂၆၈ | ၉၈,၈၁၁.၈၉၇ | +၃၆,၂၆၅.၃၇၁ | ၃၉,၅၂၁.၀၆၀ | ၁၀၀,၂၇၃.၈၉၅ | -၆၀,၇၅၂.၈၃၅ | ၂၉.၂၆% | ၁၀၁.၄၈% |
| | ၆ | စက်မှု | | ၉၅,၇၆၆.၀၅၇ | -၉၅,၇၆၆.၀၅၇ | | ၈၅,၆၃၅.၇၇၄ | -၈၅,၆၃၅.၇၇၄ | | ၈၉.၄၂% |
| | ၇ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၆၈,၂၀၁.၉၈၃ | ၄၁,၂၉၄.၆၈၀ | +၂၆,၉၀၇.၃၀၃ | ၁၇,၁၀၀.၁၅၅ | ၁၂,၅၃၃.၇၁၀ | +၄,၅၆၆.၄၄၅ | ၂၅.၀၇% | ၃၀.၃၅% |
| | | စုစုပေါင်း | ၃၅၂,၃၉၀.၈၆၈ | ၂၄၁,၅၅၇.၂၇၇ | +၁၁၀,၈၃၄.၅၉၁ | ၁၅၃,၀၂၅.၂၈၂ | ၂၁၁,၅၂၉.၂၅၀ | -၅၈၅၀၃.၉၆၈ | ၄၃.၄၂% | ၈၇.၅၇% |

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏
## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် လျာထားချက်ရငွေ၊သုံးငွေအပေါ်
## အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် သာမန်ရငွေအပိုင်းတွင် စတုတ္ထ(၃)လပတ်လျာထားချက် ကျပ် ၁,၇၅၂.၅၄၅ ဘီလီယံအနက် ကျပ် ၂,၀၂၈.၅၆၃ ဘီလီယံရရှိခဲ့ပြီး ၁၁၅.၇၅ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့ပါသည်။ သာမန်အသုံးစရိတ်တွင် စတုတ္ထ(၃)လပတ် လျာထားချက် ကျပ် ၂,၂၂၈.၄၀၄ ဘီလီယံအနက် ကျပ် ၂,၀၁၃.၈၀၈ ဘီလီယံ သုံးစွဲခဲ့၍ ၉၀.၃၇ ရာခိုင်နှုန်း ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့် ပတ်သက်၍ထူးခြားမှု အခြေအနေများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်–

(၁) **သာမန်ရငွေပိုမိုရရှိမှု။** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းတွင် ဓာတ်အားခရငွေများမတ်လအတွက်ကြိုတင်ရရှိခဲ့ခြင်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ သဘာဝဓာတ်ငွေ့ဈေးနှုန်းတိုးမြှင့်ရရှိခဲ့ခြင်းနှင့် စီအင်ဂျီရောင်းရငွေများလျာထားချက်ထက် ပိုမိုရရှိခြင်း၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းသည် တာချီလိတ်နှင့် ကျိုင်းတုံဒေသတို့တွင် ထိုင်းနိုင်ငံပီတီတီကုမ္ပဏီနှင့် MPTA တို့မှ စက်သုံးဆီများ ဝယ်ယူရောင်းချခြင်းနှင့် ငှားရမ်းခရငွေများရရှိခြင်း၊ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းတွင် အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)ရှိ သံရည်ကျို ယာဉ်အို၊ ယာဉ်ဟောင်းများ၏ အင်ဂျင်ပျက် တန်ချိန် (၅၀၀၀) အား လေလံတင်ရောင်းချခြင်း၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းတွင် လက်ကျန်တာယာများ ရောင်းချရခြင်း၊ ကြိုတင်ကုန်ရောင်းရငွေများရရှိခြင်း၊ မြေငှားရမ်းခရငွေများရရှိခြင်းနှင့် မြန်မာ့ဆေးဝါးလုပ်ငန်းတွင် ကုန်ရောင်းရငွေများ စတုတ္ထ(၃)လပတ်အတွင်း အပြည့်အဝရရှိခဲ့ခြင်းကြောင့် လျာထားချက်ထက် ပိုမိုခြင်းဖြစ်ပါသည်။

(၂) **သာမန်ရငွေလျော့နည်းရရှိမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးတွင်ခရီးသည်ပို့ဆောင်ရေးဝင်ငွေလျော့နည်းခြင်း၊အခြေစိုက်အလုပ်ရုံများရှိ သင်တန်းကျောင်းများတွင် သင်တန်းသားရရှိမှု လျော့နည်းသဖြင့် ဝင်ငွေလျော့နည်းခြင်း၊ ဖောင်ကြီးကြို/ ပို့ယာဉ် ငှားရမ်းမှု စီးရေ လျော့နည်းခြင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် စတုတ္ထ(၃)လပတ်အတွက်ရရှိမည့် Minimum Guaranteeနှင့် အမြတ်ဝေစုများကို ၂၀၁၈ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လတွင်မှရရှိမည်ဖြစ်ခြင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊

အမှတ်(၁) သတ္တုတွင်းလုပ်ငန်းတွင် ကတ်သုတ်ကြေးနီ ဈေးနှုန်းများ မြင့်တက်လာမှုကြောင့် တင်ဒါအောင်မြင်သူမရှိသဖြင့် ဝင်ငွေလျော့နည်းခြင်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတွင် တင်ပြရောင်းချသောကျောက်စိမ်းတွဲများခန့်မှန်းသည်ထက် လျော့နည်းရောင်းချခဲ့ရခြင်းတို့ကြောင့် လျာထားချက်အောက်လျော့နည်းရခြင်းဖြစ်ပါသည်။

(၃) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ ဖေဖော်ဝါရီလနှင့်မတ်လတို့အတွက် ထုတ်လုပ်မှုအပေါ် ပေးဆောင်ရမည့် ဓာတ်သတ္တုခွန်ဖိုးအား မပေးချေရသေးခြင်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတွင် ဌာနတွင်းအစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ ခန့်မှန်းထားသည်ထက် လျော့နည်းကျင်းပခြင်း၊ ဖမ်းဆီးအပ်နှံကျောက်များ အမှုမပြီးသတ်သေးသည့်အတွက် ဆုကြေးများထုတ်ပေးရန် ကျန်ရှိနေခြင်းတို့ကြောင့် လျော့နည်းရခြင်း၊ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းတွင် လတ်တလောရပ်ဆိုင်းထားသည့် စက်ရုံများအတွက် ကုန်ကြမ်းဝယ်ယူခြင်းနှင့်ထုတ်လုပ်မှုနှင့်သက်ဆိုင်သော အသုံးစရိတ်များကိုသုံးစွဲနိုင်မှုမရှိခြင်း၊ ကုန်ချောလက်ကျန်များကိုသာ ရောင်းချရ၍ ကုန်သွယ်လုပ်ငန်းခွန်လျော့နည်းပေးဆောင်ရခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ဝန်ထမ်းသစ်များ လျာထားသလောက် မခန့်ထားနိုင်ခြင်းနှင့် နုတ်ထွက်ခြင်းတို့ကြောင့် လစာနှင့်စရိတ်လျော့နည်းခြင်း၊တာဝန်ဖြင့်ခရီးသွားလာမှု လျော့နည်းသဖြင့် ခရီးစရိတ်လျော့နည်းခြင်း၊ ပင်စင်ထုတ်ယူမှုလျော့နည်းခြင်း၊ အပ်ငွေလျော့နည်းသဖြင့် အပ်ငွေနှင့်ချေးငွေအပေါ်ပေးရသော အတိုးပေးငွေလျော့နည်းခြင်း၊ ထုတ်လုပ်မှုစရိတ်၊စီမံခန့်ခွဲမှုစရိတ်နှင့်ကုန်သွယ်လုပ်ငန်းခွန်များလျော့နည်းပေးချေရခြင်းတို့ကြောင့် လျာထားချက်အောက်လျော့နည်းခြင်းဖြစ်ပါသည်။

(ခ) **ငွေလုံးငွေရင်း ရငွေ၊ သုံးငွေ။** ငွေလုံးငွေရင်းရငွေ၊သုံးငွေတွင်ပြည်ပအကူအညီရငွေနှင့် ကြွေးမြီရငွေများပါဆက်စပ်ပါဝင်နေကြောင်းတွေ့ရှိရပါသည်။ ချေးယူရငွေပိုင်းတွင် JICA ချေးငွေ၊ World Bank ချေးငွေ နှင့် ADB ချေးငွေများလျော့နည်းရရှိမှုကြောင့် ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် လျော့နည်းသုံးစွဲခဲ့ကြောင်းတွေ့ရှိရပါသည်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားတွင် ပြည်ပအကူအညီရငွေဖြင့်ဝယ်ယူသော ရန်ကုန်-ပြွန်တန်ဆာလမ်းပိုင်း Operation Control Center (OCC)နှင့် Safety equipment များတပ်ဆင်ခြင်းလုပ်ငန်းအတွက်စက်ပစ္စည်းများသည် စတုတ္ထသုံးလပတ်ရောက်ရှိမှုပိုမိုဝယ်ယူခဲ့သောကြောင့် လျာထားချက်ထက် ပိုမိုရရှိခဲ့ခြင်း၊ လုပ်ငန်းစီမံကိန်း

များအတွက် ပြန်လည်ပေးသွင်းငွေများရရှိခဲ့ခြင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းတွင် ထားဝယ်ဒေသရှိ သတ္တုတွင်းများမှ ဆယ်တင်ပစ္စည်းများဖြစ်သော 2" Slurry Pump (၂)လုံးနှင့် လွိုင်ကော်ဒေသရှိ အဆောက်အဦ(၅)လုံးရောင်းရငွေများရရှိခဲ့ခြင်း၊ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းတွင် Stacker Reclaimer ဝယ်ယူရန် ချုပ်ဆိုထားသော စာချုပ်ရုပ်စဲသဖြင့် စာချုပ်တန်ဖိုး ၁၀% ပြန်လည်ရရှိခြင်း၊ အမှတ်(၂)အကြီးစား စက်မှုလုပ်ငန်းတွင် ရာဘာပင်များရောင်းချရခြင်း၊ အဆောက်အဦနှင့် စက်ပစ္စည်းများရောင်းချခြင်းနှင့် မြန်မာ့ဆေးဝါးလုပ်ငန်းတွင် ပြိုကျပျက်စီးနေသော ဂိုထောင်ဟောင်း တစ်လုံးကို တင်ဒါခေါ်ယူရောင်းချခြင်းအတွက် ပေးသွင်းငွေရရှိခြင်း၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းတွင် အဆောက်အဦဟောင်းများ ဆယ်တင်ရောင်းချရငွေများ လျာထားချက်ထက်ပိုမိုရရှိခြင်းဖြစ်ပါသည်။ ငွေလုံးငွေရင်းသုံးငွေတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ် ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားတွင် ပြည်ပချေးယူရငွေဖြင့်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများအတွက် စာချုပ် ချုပ်ဆိုရန် ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ခြင်း၊ အချို့ချေးငွေများအတွက် Consultant ငှားရမ်းရန်ဆောင်ရွက်လျက်ရှိခြင်း၊မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် အိန္ဒိယချေးငွေနှင့် JICA ODA Loan တို့ လျာထားသည့်အတိုင်း အပြည့်အဝ မရရှိခြင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် ဂျပန်နိုင်ငံအစိုးရမှ ထောက်ပံ့သောပစ္စည်းများအပြည့်အဝမရရှိခြင်း၊မြန်မာ့မီးရထားတွင် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအရ ငွေပေးချေရခြင်း၊ တင်ဒါဈေးနှုန်းလျော့ကျခြင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် အိန္ဒိယချေးငွေမှာဘဏ္ဍာရေးနှစ်အတွင်း အပြည့်အဝ မရရှိသဖြင့် ဝယ်ယူမည့် စက်ပစ္စည်းအချို့ မဝယ်ယူဖြစ်ခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် နိုင်ငံခြားမှ မှာယူထားသည့် ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ခွဲရုံပစ္စည်းများ၊ ဓာတ်အားခွဲရုံ(၁၉)ရုံ အင်အားတိုးချဲ့ရန်ပစ္စည်းများ အချိန်မီမရောက်ရှိခြင်း၊ MY-P17 နှင့် MY-P20 လုပ်ငန်း (၂)ခုမှာ Consultantရွေးချယ်ရေးလုပ်ငန်းများဆောင်ရွက်နေဆဲဖြစ်ခြင်း၊ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းတွင် စက်ပစ္စည်းရောက်ရှိမှု လျော့နည်းခြင်း၊ အတိုးနှင့်ကတိခံကြေး လျော့နည်းသုံးစွဲခဲ့ခြင်း၊ နိုင်ငံခြားသားပညာရှင်စရိတ် လျော့နည်းသုံးစွဲခဲ့ခြင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်းတွင်စက်ပစ္စည်းဝယ်ယူရာတွင် နိုင်ငံခြားငွေလဲလှယ်နှုန်း လျော့နည်းခြင်း၊ Test Run မဆောင်ရွက်ရသေးခြင်းကြောင့် ကျန်သည့် ၁၀% မပေးချေနိုင်သေးခြင်း၊စက်ပစ္စည်းအချို့ကို မြန်မာကျပ်ငွေဖြင့် ပြောင်းလဲဝယ်ယူခဲ့သဖြင့်အခွန်အခ

